
Swae Nyoe
စွဲညို့
တစဦ – ၈
မြေခွေးလေးရဲ့
ချစ်ခြင်းဒဏ္ဍာရီ
စွဲညို့

# အခန်း ၁၀၁

အိမ်ရှေ့မင်းသားက မစိမ်းသက်သော နေရာကို ဝင်သွားသည့်နှယ် ခြေလှမ်းတို့က လမ်းများကို ရင်းနှီးကျွမ်းဝင်လွန်းလှသည်။ ဟူအာနှင့် ချင်းရန်နတ်မင်းက အနောက်မှ လိုက်ပါသွား၏။

"ဟိုးရှေးဟောင်းခေတ်ကတည်းက ရေနန်းတော် ရှစ်ခုမှာ နှစ်ခုက မီးစွမ်းအင်ကို အသုံးပြုတယ်။ အရှေ့ပင်လယ်ရေနန်းတော်က အသုံးပြုတာက မီးနဂါးတွေရဲ့မီးစွမ်းအင် ဖြစ်ပြီးတော့ နတ်စွမ်းအား စုပ်ယူမှုလည်း ပါဝင်တယ်၊ အနောက်ပင်လယ်က သုံးတဲ့ မီးစွမ်းအင်ကတော့ ကောင်းကင်မှာ အသုံးပြုတဲ့ အနှိုင်းမဲ့မီးလျှံလိုမျိုး စွမ်းအား ရှိတယ်၊ သူတို့ရဲ့ အခေါ်အဝေါ်ကလည်း အတုမဲ့မီးလျှံလို့ ခေါ်တယ်၊ ကောင်းကင်မီးနဲ့ နှိုင်းယှဉ်နိုင်လောက်တဲ့ မီးလျှံရဲ့ စွမ်းအားရှိလို့ ကောင်းကင်မီးကို ဒဏ်ခံရမဲ့သူတွေက အတုမဲ့မီးလျှံဆီကနေ လေ့ကျင့်မှုကို ပြုလုပ်လေ့ ရှိကြတယ်"

အိမ်ရှေ့မင်းသားက အရှေ့မှ သွားနေရင်း ဟူအာကို ပြောပြသည်။ ချင်းရန်နတ်မင်းက အိမ်ရှေ့မင်းသား၏ စကားကို ခေါင်းညိတ်ပြ၏။

"ဒါပေမဲ့ ညောင်အာက သူတို့နဲ့ ဘယ်လို ပတ်သတ်နေတာလဲ"

ဟူအာ မေးလိုက်တာကို အိမ်ရှေ့မင်းသားက မကြားသလိုပင် မည်သည့် စကားကိုမျှ ပြန်မဖြေကြားလာပေ။ ချင်းရန်နတ်မင်းက လက်ထဲမှ

ယပ်တောင်ကို ခတ်လိုက်ပြီး ပြောလာသည်။

"မင်း ကောင်းကင်နတ်သမိုင်းကို သိတယ် မဟုတ်လား၊ ကောင်းကင်မင်းကြီးလုံပေါ်လက်ထက်က ကောင်းကင်ကို စောင့်ရှောက်ရအောင် ဆိုပြီးတော့ ကောင်းကင်သားရဲလေးကောင်ကို အသက်သွင်းခဲ့တယ်၊ နောက်တော့ ကောင်းကင်သားရဲတွေကို တလီယွီချီ လက်ထက်မှာ ဖျက်သိမ်းခဲ့ပေမဲ့ အကြွင်းအကျန်တော့ ကျန်ရစ်ခဲ့တယ်၊ အဲဒါကို ကျန်းဂူမင် လက်ထက်မှာ ချီလင်သားရဲကို အသက်သွင်းဖို့ ကြိုးစားခဲ့ပြီးတော့ နောက်ဆုံးမှာ ကောင်းကင်တစ်ခြမ်းပြိုကျစေတော့မလို ဖြစ်သွားတယ်"

"အင်း.. အဲဒါတွေနဲ့ ညောင်အာက ဘာဆိုင်လို့လဲ"

"ငါ့အထင် ပြောရရင် အဲဒီချီလင်သားရဲက ကောင်းကင်မင်းကြီး ကျန်းဂူမင်ကို ဆွဲဆောင်ခဲ့တယ်လို့ အဆိုရှိပေမဲ့ သူက အမျိုးသားတဲ့လေ"

"ဒါဆို ကျန်းဂူမင်က အမျိုးသမီးလား"

"မဟုတ်ဘူး.. မဟုတ်ဘူး.. မင်း မရှုပ်ထွေးသွားနဲ့ ကျန်းဂူမင်က ဒီကိစ္စမှာ အဆွဲဆောင်ခံလိုက်ရတာပဲ၊ ချီလင်က နတ်သားလား နတ်သမီးလား ခွဲခြားလို့ မရလောက်အောင်ကို လှပတဲ့ ရုပ်ရည်ရှိတယ်လို့ ဆိုတယ်လေ"

"အင်း.. အဲဒါနဲ့.. ညောင်အာက ဘယ်လို သက်ဆိုင်သွားတာလဲ"

"ချီလင်က နတ်မဟုတ် မိစ္ဆာမဟုတ်လေ၊ သူက ကျန်းဂူမင်ရဲ့ ချုပ်နှောင်မှုကို လက်မခံဘဲ ထွက်ပြေးတုန်းက အနောက်ပင်လယ်ကို ထွက်ပြေးခဲ့တယ်၊ အဲဒီ အနောက်ပင်လယ်ရဲ့ သမီးတော်တစ်ပါးနဲ့ တွေ့ဆုံခဲ့တယ်လို့ ရေးသားထားတယ်၊ အဲကနေ စပြီးတော့ နဂါးနဲ့ချီလင်ရဲ့ ပေါင်းစည်းမှုအရ မီးငှက်တစ်မျိုး ထွက်ပေါ်လာတယ်၊ သူ့ရဲ့ စွမ်းအားက ဖုန့်ဟွာမ်နဲ့ကျူးချွဲထက်ကို နိမ့်ကျပေမဲ့ ချီလင်ရဲ့ နတ်မီးကို ရရှိခဲ့မယ် ဆိုရင် သူက လုံးဝကို မက်လောက်

တဲ့ အရည်အချင်းနဲ့ သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားမှာ မဟုတ်လား"

ချင်းရန်နတ်မင်း၏ အဆုံးသတ် စကားတွင် အိမ်ရှေ့မင်းသားက အနောက်သို့ လှည့်လာပြီး ပြောသည်။

"ပျင်းရိတယ်၊ ကောင်းကင်သမိုင်းကို မကျေညက်ဘူး၊ မင်း နောက်ကျရင် ကောင်းကောင်းလေ့လာသင့်တယ်"

ဟူအာကို မလေ့လာမှုအတွက် အပြစ်တင် ပြောဆိုလာလေသည်။ သို့သော် ဟူအာ အမှတ်ရမိသလောက် ဆိုလျှင် ကျန်းဝူမင်လက်ထက်၌ ကောင်းကင်သားရဲချီလင်၏ ထွက်ပြေးမှုသည် ကောင်းကင်မှတ်တမ်းတွင် မပါရှိပေ။

"ကောင်းကင်နတ်သားရဲ ချီလင်ရဲ့ ထွက်ပြေးမှု မှတ်တမ်းကို ကောင်းကင်မှတ်တမ်းမှာ မရေးထားဘူးလေ"

ဟူအာ ထောက်ပြလိုက်တော့ ချင်းရန်နတ်မင်းက သူ့ကို ပြောလာသည်။

"ဟုတ်တယ်လေ ကျန်းဝူမင်လက်ထက်က အကြောင်းအရာတချို့ကို ကောင်းကင်မှတ်တမ်းမှာ မရေးထားဘူး၊ ဒါက ရှက်စရာလို့ မှတ်တမ်းရေးတဲ့ နတ်မင်းက နှောင်းပိုင်းနတ်တွေ အတုယူမှားမှာ စိုးပြီးတော့ ချန်ထားရစ်ခဲ့တာ"

"အဲဒါကို ကျွန်တော် မသိတာက မဆန်းဘူး မဟုတ်လား"

အိမ်ရှေ့မင်းသားက ဟူအာကို စောင်းကြည့်လာပြီးနောက် ပြော၏။

"အဲလို ဆိုရင်တောင်မှ မင်းရဲ့ လေ့လာမှု လိုအပ်ချက် ရှိနေတာကို ဖုံးကွယ်လို့ မရနိုင်ဘူး၊ တကယ်လို့သာ ရန်ဖုန့်ဟွာမ်က ချီလင်ကနေ ဆင်းသက်တဲ့ မီးကို ပိုင်ဆိုင်ထားတယ် ဆိုရင် သူ့ကို ဖမ်းသွားတဲ့ သူတွေက သူ့ကို ချက်ချင်းသတ်ပစ်မှာ မဟုတ်လို့ မင်း သူ့အတွက် အရမ်းစိတ်ပူဖို့ မလိုသေး

ဘူး"

"ဘာကြောင့်မို့လဲ"

"ဘာလို့လဲ ဆိုတော့ သူတို့က သူ့ရဲ့ အမြုတေကို လိုချင်တာ ဆိုတော့ သူ့အမြုတေကို ကောင်းအောင် ပြုပြင်ဖို့ အချိန်တစ်ခု ပေးပြီးမှ သူ့အမြုတေကို ထုတ်ယူမှာမို့ သူက အသက်ဘေးတော့ ကင်းလိမ့်မယ်"

"ဒါက ယူဆချက်ပဲ မဟုတ်လား အမှန်လို့ ဘယ်သူမှ မပြောနိုင်ဘူး"

"ဟုတ်တယ် ဒါက ယူဆချက်ပဲ။ ပြီးတော့ ရန်ဖုန့်ဟွာမ်မှာ ချီလင်ရဲ့သွေးမျိုးဆက် ပါမယ် ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး၊ ပိုမဖြစ်နိုင်တာကကျတော့ သူက ချီလင်ရဲ့မီးကိုတောင်မှ အသက်မသွင်းနိုင်ဘူး"

"ဒါဆို နောက်ဖြစ်နိုင်ချေတစ်ခုက သူမက သေသွားပြီ ဆိုတာလား"

"ဟုတ်တယ်.."

အိမ်ရှေ့မင်းသားက သူ့ကို ယတိပြတ် ပြောပြီးသည်နှင့် ချက်ချင်းပင် လှည့်ထွက်သွားတော့၏။ အနောက်ရေနန်းတော်၏ ဂိတ်ဝတွင် သူတို့ သုံးဦးလုံး တားဆီး ခံလိုက်ရပြီးနောက် အနောက်ရေဘုရင်က ထွက်ကြိုသည်။

ဟူအာ ချင်းရန်နတ်မင်းအား အနားကပ်၍ တီးတိုးမေးလိုက်သည်။

"ဒီအနောက် ရေနန်းတော်က နဂါးလား၊ ငှက်လား"

"သူတို့တွေက ချီလင်ရဲ့ သွေးကွဲမျိုးဆက်တွေ ဖြစ်သွားတယ်၊ ချီလင်က အဲဒီတုန်းက အနောက်ပိုင်းရေနဂါးတွေကို သတ်ပစ်လိုက်ပြီးတော့ အနောက်ရေမင်းသမီးလက်ထဲကို အနောက်ပင်လယ်ကို ထည့်ပေးခဲ့တာလေ"

"ဒါဆို သူတို့တွေရဲ့ မူလသဏ္ဍာန်က ဘယ်လိုမျိုး သတ္တဝါအမျိုးအစားလဲ"

ဟူအာ မေးလိုက်မိသည်။

"ဦးချိုတစ်ချောင်းနဲ့ အတောင်ပံပါပြီးတော့ အမြီးတိုတဲ့ နဂါးမကျ ချီလင်မကျ အမျိုးအစားပဲ နာမည်ပြောင်က ချီလုံလို့ ခေါ်တယ်"

"ရုပ်ဆိုးမှာပဲ"

"တကယ်ဆိုရင် စစ်မှန်တဲ့ ချီလုံတွေက ကောင်းကင်နတ်တစ်ပါးလောက်မက စွမ်းအား ကြီးရမှာ ဒါပေမဲ့ အဲဒီချီလင်ကို စီရင်ပြီးတဲ့နောက်မှာ အနောက်ပင်လယ်ရဲ့ ရေမင်းသမီးနဲ့ သူ့မျိုးဆက်တွေကို ပုန်ကန်လိုက်ကြပြီးတော့ သွေးဝေးတဲ့မျိုးဆက်က အနောက်ပင်လယ်ကို လုယူလိုက်တယ်လေ၊ သူတို့တွေက ချီလင်နဲ့ နဂါးပေါင်းစပ်ထားတဲ့ မျိုးဆက်လောက် အားမကောင်းတော့ဘဲနဲ့ နဂါးတစ်ကောင်လောက်တောင် စွမ်းအားမရှိတော့ဘဲ နိမ့်ကျသွားတယ်၊ ဒါကြောင့်မို့ သူတို့က အခုထိ ကောင်းကင်နန်းတော်ရဲ့ အုပ်ထိန်းမှုအောက်မှာ ငြိမ်ဝပ်ပိပြားစွာ နေနေခဲ့တာပေ့ါ"

"မဟုတ်ရင် သူတို့က ပုန်ကန်ပြီးနေပြီ လို့ ပြောချင်တာလား"

ဟူအာ ပြောလိုက်တော့ ချင်းရန်နတ်မင်းက ခေါင်းခါယမ်းပြသည်။ .

"တကယ် ဟုတ်နေတယ် ဆိုရင်တောင်မှ ပြောသင့်တာ မပြောသင့်တာဆိုတာ ရှိတယ် ကောင်လေး၊ မှားနေတယ် ဆိုရင်တောင်မှ ပြောရမယ်ဆိုရင် ပြောကို ပြောရမှာပဲ"

"ခင်ဗျားတို့ ကောင်းကင်နတ်တွေက တကယ် စိတ်ရှုပ်ဖို့ ကောင်းတာပဲ"

"ဟုတ်တယ်လေ ကောင်းကင်နတ်တွေ ဆိုတဲ့အထဲမှာ မင်းကလည်း မင်းသားငယ်တစ်ပါး ဆိုတာကို မမေ့လိုက်နဲ့"

အနောက်ပင်လယ် ရေဘုရင်ထံသို့ ရောက်သွားသည်တွင် ထိုရေနေဘုရင်က ငယ်ရွယ်သေးမှန်း ဟူအာ သိရှိလိုက်ရသည်။ ထိုရေနေဘုရင်က နုပျိုကာ သွက်လက်သေးသည်။ တောင်ပိုင်းရေဘုရင်တောင်မှ ထိုသူနှင့်ယှဉ်

လျှင် အသက်အရွယ်ကြီးရင့်သည်ဟု ဆိုနိုင်ပေ၏။

"အနောက်ရေနန်းတော်က်ို ကောင်းကင်နန်းတော်က မင်းသားသုံးပါးတောင်မှ လာရောက် လည်ပတ်တာ ဆိုတော့ ကျွန်တော် အောမင် ကံကောင်းလွန်းလှပါပြီ"

"ဘယ်ကသာ ကျွန်တော်တို့က ကျွန်တော်တို့ အိမ်ရဲ့နတ်ငယ်လေးကို ဗဟုသုတ ဖြစ်ရုံ လိုက်ပြပေးတာပါ"

အိမ်ရှေ့မင်းသား၏ တစ်ဖက်ခြမ်းတွင် ထိုသို့သော မျက်နှာတစ်ချက် မတွန့်စေဘဲ လိမ်လည်မှုမျိုးကလည်း ရှိသေးဟန် ပေါ်၏။

"အောမင် အိမ်ရှေ့မင်းသား၊ ချင်းရန်နတ်မင်းနဲ့ မင်းသားငယ်ကို အရိုအသေပြုပါတယ်"

"ကိစ္စမရှိပါဘူး၊ တစ်ခု ရှိတာက အနောက်ပင်လယ်က အေးချမ်းရဲ့လား"

ချင်းရန်နတ်မင်းက ထိုမေခွန်းကို မေးလိုက်သည်နှင့် ထိုအနောက်ရေဘုရင်၏ အမူအရာက အနည်းငယ်မျှ အံ့သြသွားဟန်ဖြင့် ပြန်မေးလာ၏။

"ချင်းရန်နတ်မင်းက ဘယ်လို သတင်းစကားကိုများ ကြားသိရလို့ ဒီအထိရောက်လာပြီးတော့ ဒီလို မေးခွန်းမျိုးကို မေးရတာလဲ ဆိုတာကို ကျွန်တော်မျိုး အောမင် မတွေးနိုင်ဖြစ်ရပါတယ်၊ တကယ်လို့များ အရှင့်သားတို့မှာ နည်းလမ်း ရှိရင် ကျွန်တော်မျိုးကို သင်ပြပေးနိုင်ပါတယ်"

ထိုအမူအရာနှင့် အပြောအဆိုက ထိုသူထံတွင် မည်သည့်အပြစ်မှ မရှိဟု ထင်မြင်ရစေသည်။ သို့သော် ထိုသို့ ဖြစ်နေသည့်တိုင် ဟူအာက တစ်ခုခု မှားယွင်းနေသည်ဟု ခံစားနေရဆဲ ဖြစ်သည်။

"မရှိပါဘူး၊ အနောက်ပင်လယ် ရေဘုရင်ကို ချင်းရန်က ဘယ်လို လုပ်ပြီးတော့ သင်ကြားပြသပေးနိုင်မှာလဲ အနောက်ပိုင်းပင်လယ်ကို ဆွေးနွေးဖို့ ရှိ

တာက အိမ်ရှေ့မင်းသားပါ"

ချင်းရန်နတ်မင်း၏ ကျင်လည်စွာ လွဲချမှုကို ဟူအာ ထပ်မံ မြင်တွေ့လိုက်ရလေသည်။ သို့သော် အိမ်ရှေ့မင်းသားက ထိုကိစ္စကို မငြင်းပယ်ပေ။ ထိုအစား ချင်းရန်နတ်မင်းနှင့် ဟူအာဘက်သို့ လှည့်ပြီး ပြောလာ၏။

"ကျွန်တော်က အနောက်ပင်လယ်ရေဘုရင်နဲ့ ဆွေးနွေးဖို့ ရှိလို့ ရောက်လာပေမဲ့ ဟူအာကတော့ အလည်အပတ် သတ်သတ်မို့ ဦးရီးတော်နှစ် ကိုပဲ အနှောင့်အယှက် ဖြစ်စေရပါပြီ''

***